# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီး/ပြည်နယ်များ၏
## ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှမတ်လအထိ)
## ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
## (In Year Report)

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

## ဒုတိယ (၃) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ (In Year Report)

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ (၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃) လပတ် အကောင်အထည်ဖော်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း |
| (က) | ရငွေ | ၃၂၄,၉၂၀.၇၈၈ | ၃၆၂,၄၆၉.၄၁၈ | ၂၉၈,၃၁၀.၀၂၂ | ၈၂.၃၀% |
| | သာမန် | ၂၈၅,၉၅၆.၃၆၄ | ၃၀၃,၈၂၉.၄၈၂ | ၂၆၀,၉၉၃.၁၅၇ | ၈၅.၉၀% |
| | ငွေလုံးငွေရင်း | ၁၄,၃၀၀.၄၈၉ | ၁၆,၁၃၁.၅၉၁ | ၁၈,၂၅၇.၇၇၄ | ၁၁၃.၁၈% |
| | ကြွေးမြီ | ၂၄,၆၆၃.၉၃၅ | ၄၂,၅၀၈.၃၄၅ | ၁၉,၀၅၉.၀၉၁ | ၄၄.၈၄% |
| (ခ) | သုံးငွေ | ၆၄၂,၈၄၂.၀၇၀ | ၉၆၇,၄၆၉.၁၅၅ | ၈၁၀,၅၂၁.၆၇၇ | ၈၃.၇၈% |
| | သာမန် | ၂၄၄,၅၀၁.၄၈၀ | ၂၇၄,၅၂၅.၅၁၃ | ၂၆၄,၀၅၁.၂၁၀ | ၉၆.၁၈% |
| | ငွေလုံးငွေရင်း | ၃၉၈,၃၄၀.၅၉၀ | ၆၉၂,၉၄၃.၆၄၂ | ၅၄၆,၄၇၀.၄၆၇ | ၇၈.၈၆% |
| | ကြွေးမြီ | | | | |
| (ဂ) | ပိုငွေ(+)/ လိုငွေ(-) | -၃၁၇,၉၂၁.၂၈၂ | -၆၀၄,၉၉၉.၇၃၇ | -၅၁၂,၂၁၁.၆၅၅ | |

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် ( ဇန်နဝါရီလမှ မတ်လအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေသုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃) လပတ် (ဇန်နဝါရီလ မှ မတ်လအထိ)

## တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ဒုတိယ (၃) လပတ်အတွက် လျာထားချက် | | | ဒုတိယ (၃) လပတ် အတွက် ယာယီစာရင်း | | | ဒုတိယ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၅,၅၄၃.၁၄၃ | ၅၈၁၄၆.၂၀၅ | -၅၂,၆၀၃.၀၆၂ | ၇,၃၅၅.၉၈၃ | ၃၉,၇၄၈.၂၄၈ | -၃၂,၃၉၂.၂၆၅ | ၁၃၂.၇၀% | ၆၈.၃၆% |
| ၂ | သားပြည်နယ် | ၁,၇၉၈.၂၄၉ | ၁၈,၆၂၅.၂၀၇ | -၁၆,၈၂၆.၉၅၈ | ၂,၈၅၀.၃၂၅ | ၁၇,၁၄၀.၁၃၅ | -၁၄,၂၈၉.၈၁၀ | ၁၅၈.၅၁% | ၉၂.၀၃% |
| ၃ | ကရင်ပြည်နယ် | ၃,၁၄၉.၁၀၃ | ၂၉,၁၅၄.၈၃၈ | -၂၆,၀၀၅.၇၃၅ | ၃,၄၇၈.၈၃၈ | ၂၆,၉၄၂.၁၇၃ | -၂၃,၄၆၃.၃၃၅ | ၁၁၀.၄၇% | ၉၂.၄၀% |
| ၄ | ချင်းပြည်နယ် | ၂,၇၃၃.၀၁၀ | ၄၉,၂၄၆.၈၀၁ | -၄၆,၅၁၃.၇၉၁ | ၂,၃၉၈.၁၆၀ | ၄၃,၅၅၉.၃၈၇ | -၄၁,၁၆၁.၂၂၇ | ၈၇.၇၅% | ၈၈.၄၅% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁,၀၄၂.၂၅၉ | ၈၃,၂၄၆.၅၄၈ | -၇၂,၂၀၄.၂၈၉ | ၁၂,၀၀၅.၅၂၈ | ၆၅,၃၈၂.၆၄၀ | -၅၃,၃၇၇.၁၁၂ | ၁၀၈.၇၂% | ၇၈.၅၄% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၉၄၈.၃၄၉ | ၅၃,၈၇၅.၁၈၅ | -၅၀,၉၂၆.၈၃၆ | ၄,၁၉၅.၆၈၉ | ၅၂,၃၉၈.၅၈၂ | -၄၈,၂၀၂.၈၉၃ | ၁၄၂.၃၀% | ၉၇.၂၆% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၆,၁၈၄.၆၈၂ | ၆၅,၅၇၇.၀၄၀ | +၂၀,၆၂၇.၆၄၀ | ၁၂,၀၀၉.၀၅၂ | ၄၃,၄၈၈.၉၀၈ | -၃၁,၄၇၉.၈၅၆ | ၁၃.၉၃% | ၆၆.၃၄% |
| ၈ | မကွေးတိုင်းဒေသကြီး | ၈,၂၁၇.၃၉၃ | ၆၁,၆၇၆.၂၈၄ | -၅၃,၄၅၈.၈၉၁ | ၉,၁၉၉.၈၁၇ | ၅၄,၉၂၈.၄၁၅ | -၄၅,၇၂၈.၅၉၈ | ၁၁၁.၉၆% | ၈၉.၀၆% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅၈,၅၂၅.၅၁၄ | ၁၀၄,၇၆၆.၄၅၉ | -၄၆,၂၄၀.၉၄၅ | ၃၉,၈၂၇.၈၇၅ | ၆၇,၄၁၀.၁၁၂ | -၂၇,၅၈၂.၂၃၇ | ၆၈.၀၅% | ၆၄.၃၄% |
| ၁၀ | မွန်ပြည်နယ် | ၁၀,၆၆၆.၃၈၇ | ၃၇,၁၃၁.၂၄၀ | -၂၆,၄၆၄.၈၅၃ | ၉,၃၉၇.၇၄၀ | ၃၁,၈၈၃.၇၃၈ | -၂၂,၄၈၅.၉၉၈ | ၈၈.၁၁% | ၈၅.၈၇% |
| ၁၁ | ရခိုင်ပြည်နယ် | ၈,၄၆၁.၄၅၀ | ၆၁,၀၃၀.၁၅၀ | -၅၂,၅၆၈.၇၀၁ | ၇,၈၆၉.၆၄၁ | ၆၃,၆၉၅.၃၀၉ | -၅၅,၈၂၅.၆၆၈ | ၉၃.၀၀% | ၁၀၄.၃၇% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၄၀,၉၂၁.၃၃၂ | ၂၀၆,၉၄၂.၃၃၅ | -၆၆,၀၂၁.၀၀၃ | ၁၅၆,၅၄၆.၄၆၁ | ၁၇၀,၃၀၆.၈၄၂ | -၁၃,၇၆၀.၃၈၁ | ၁၁၁.၀၉% | ၈၂.၃၀% |
| ၁၃ | ရှမ်းပြည်နယ် | ၁၄,၄၇၁.၉၄၂ | ၈၇,၃၃၄.၁၂၆ | -၇၂,၈၆၂.၁၈၄ | ၁၇,၆၄၃.၇၈၄ | ၈၃,၂၅၂.၈၂၂ | -၆၅,၆၀၉.၀၃၈ | ၁၂၁.၉၂% | ၉၅.၃၃% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၈၀၆.၆၀၅ | ၅၀,၇၃၆.၇၃၅ | -၄၂,၉၃၀.၁၃၀ | ၁၃,၅၁၁.၁၂၉ | ၅၀,၃၈၄.၃၆၆ | -၃၆,၈၅၃.၂၃၇ | ၁၇၃.၃၃% | ၉၉.၃၀% |
| | **စုစုပေါင်း** | ၃၆၂,၄၆၉.၄၁၈ | ၉၆၇,၄၆၉.၁၅၅ | -၆၀၄,၉၉၉.၇၃၇ | ၂၉၈,၃၁၀.၀၂၂ | ၈၁၀,၅၂၁.၆၇၇ | -၅၁၂,၂၁၁.၆၅၅ | ၈၂.၃၀% | ၈၃.၇၈% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃) လပတ် (ဇန်နဝါရီလ မှ မတ်လအထိ)

## တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ဒုတိယ (၃) လပတ်အတွက် လျာထားချက် | | | ဒုတိယ (၃) လပတ် အတွက် ယာယီစာရင်း | | | ဒုတိယ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ချင်းပြည်နယ် | ၅,၅၄၃.၁၄၃ | ၇,၈၉၃.၄၃၅ | -၂,၃၅၀.၂၉၂ | ၇,၃၅၅.၉၈၃ | ၈,၀၄၂.၀၁၂ | -၆၈၆.၀၂၉ | ၁၃၂.၇၀% | ၁၀၁.၈၈% |
| ၂ | ကယားပြည်နယ် | ၁,၇၉၈.၀၄၉ | ၅,၃၉၉.၁၇၅ | -၃,၆၀၁.၁၂၆ | ၂,၇၉၆.၀၂၅ | ၄,၃၂၀.၆၂၂ | -၁,၅၂၄.၅၉၇ | ၁၅၅.၅၀% | ၈၀.၀၂% |
| ၃ | ကရင်ပြည်နယ် | ၃,၁၄၉.၁၀၃ | ၄,၈၇၃.၇၀၃ | -၁,၇၂၄.၆၀၀ | ၃,၄၇၀.၅၃၈ | ၄,၉၇၄.၃၄၉ | -၁,၅၀၂.၈၁၁ | ၁၁၀.၂၄% | ၁၀၂.၀၇% |
| ၄ | ချင်းပြည်နယ် | ၂,၇၃၃.၀၁၀ | ၁၀,၄၁၂.၃၉၄ | -၇,၆၇၉.၃၈၄ | ၂,၃၉၇.၅၅၀ | ၉,၆၉၁.၈၉၇ | -၇,၂၉၄.၃၄၇ | ၈၇.၇၃% | ၉၃.၀၈% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁,၀၄၂.၂၅၉ | ၂၅,၁၄၅.၃၀၁ | -၁၄,၁၀၃.၀၄၂ | ၁၂,၀၀၃.၇၄၇ | ၂၄,၁၁၀.၉၆၈ | -၁၂,၁၀၇.၂၂၁ | ၁၀၈.၇၀% | ၉၅.၈၉% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၉၄၈.၃၄၉ | ၇,၃၀၇.၀၇၃ | -၄,၃၅၈.၇၂၄ | ၄,၁၂၅.၀၇၄ | ၇,၅၁၇.၄၂၈ | -၃,၃၉၂.၃၅၄ | ၁၃၉.၉၁% | ၁၀၂.၈၈% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၆,၁၈၄.၆၈၂ | ၂၃,၆၁၉.၃၀၁ | +၆၂,၅၆၅.၃၈၁ | ၁၂,၀၀၃.၆၉၆ | ၁၈,၄၅၀.၆၄၆ | -၆,၄၄၆.၉၅၀ | ၁၃.၉၃% | ၇၈.၁၂% |
| ၈ | မကွေးတိုင်းဒေသကြီး | ၈,၂၁၇.၃၉၃ | ၂၂,၆၅၂.၂၉၃ | -၁၄,၄၃၄.၉၀၀ | ၉,၁၉၉.၃၄၉ | ၂၄,၄၈၀.၇၆၂ | -၁၅,၂၈၁.၀၁၃ | ၁၁၁.၉၅% | ၁၀၈.၀၇% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၃၈,၅၃၃.၉၇၄ | ၄၇,၀၂၅.၃၅၇ | -၈,၄၉၁.၃၈၃ | ၃၇,၀၆၄.၇၀၁ | ၄၄,၇၅၁.၃၀၄ | -၇,၆၈၆.၆၀၃ | ၉၆.၁၉% | ၉၅.၁၆% |
| ၁၀ | မွန်ပြည်နယ် | ၆,၇၈၅.၂၆၂ | ၇,၉၄၁.၀၉၄ | -၁,၁၅၅.၈၃၂ | ၈,၇၄၈.၅၇၁ | ၈,၆၄၂.၂၃၆ | +၁၀၆.၃၃၅ | ၁၂၈.၉၃% | ၁၀၈.၈၃% |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၁၆၉.၃၄၉ | ၁၂,၃၆၄.၄၅၅ | -၉,၁၉၅.၁၀၆ | ၆,၃၉၀.၀၄၀ | ၁၃,၉၉၀.၂၇၈ | -၇,၆၀၀.၂၃၈ | ၂၀၁.၆၂% | ၁၁၃.၁၅% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၁၁,၄၉၇.၂၆၆ | ၅၄,၅၆၉.၀၅၆ | +၅၆,၉၂၈.၂၁၀ | ၁၂၄,၅၂၇.၀၉၂ | ၄၄,၈၄၃.၉၈၁ | +၇၉,၆၈၃.၁၁၁ | ၁၁၁.၆၉% | ၈၂.၁၈% |
| ၁၃ | ရှမ်းပြည်နယ် | ၁၄,၄၇၁.၉၄၂ | ၂၉,၅၅၀.၃၀၆ | -၁၅,၀၇၈.၃၆၄ | ၁၇,၅၉၅.၃၆၄ | ၃၁,၉၁၀.၉၀၃ | -၁၄,၃၁၅.၅၃၉ | ၁၂၁.၅၈% | ၁၀၇.၉၉% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၇၅၅.၇၀၁ | ၁၅,၇၇၂.၅၇၀ | -၈,၀၁၆.၈၆၉ | ၁၃,၃၁၄.၀၂၇ | ၁၈,၃၂၃.၈၁၄ | -၅,၀၀၉.၇၈၇ | ၁၇၁.၆၇% | ၁၁၆.၁၈% |
| | **စုစုပေါင်း** | ၃၀၃,၈၂၉.၄၈၂ | ၂၇၄,၅၂၅.၅၁၃ | +၂၉,၃၀၃.၉၆၉ | ၂၆၀,၉၉၃.၁၅၇ | ၂၆၄,၀၅၁.၂၁၀ | -၃,၀၅၈.၀၅၃ | ၈၅.၉၀% | ၉၆.၁၈% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃) လပတ် (ဇန်နဝါရီလ မှ မတ်လအထိ)
## တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ဒုတိယ (၃) လပတ်အတွက် လျာထားချက် | | | ဒုတိယ (၃) လပတ် အတွက် ယာယီစာရင်း | | | ဒုတိယ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | ၅၀,၂၅၂.၇၇၀ | -၅၀,၂၅၂.၇၇၀ | | ၃၁,၇၀၆.၂၃၆ | -၃၁,၇၀၆.၂၃၆ | | ၆၃.၀၉% |
| ၂ | ကယားပြည်နယ် | ၀.၂၀၀ | ၁၃,၂၂၆.၀၃၂ | -၁၃,၂၂၅.၈၃၂ | ၅၄.၃၀၀ | ၁၂,၈၁၉.၅၁၃ | -၁၂,၇၆၅.၂၁၃ | ၂၇၁၅၀.၀၀% | ၉၆.၉၃% |
| ၃ | ကရင်ပြည်နယ် | | ၂၄,၂၈၁.၁၃၅ | -၂၄,၂၈၁.၁၃၅ | ၇.၃၀၀ | ၂၁,၉၆၇.၈၂၄ | -၂၁,၉၆၀.၅၂၄ | | ၉၀.၄၇% |
| ၄ | ချင်းပြည်နယ် | | ၃၈,၈၃၄.၄၀၇ | -၃၈,၈၃၄.၄၀၇ | ၀.၆၁၀ | ၃၃,၈၆၇.၄၉၀ | -၃၃,၈၆၆.၈၈၀ | | ၈၇.၂၁% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၅၈,၁၀၁.၂၄၇ | -၅၈,၁၀၁.၂၄၇ | ၁.၇၈၁ | ၄၁,၂၇၁.၆၇၂ | -၄၁,၂၆၉.၈၉၁ | | ၇၁.၀၃% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၄၆,၅၆၈.၁၁၂ | -၄၆,၅၆၈.၁၁၂ | ၇၀.၆၁၅ | ၄၄,၈၈၁.၁၅၄ | -၄၄,၈၁၀.၅၃၉ | | ၉၆.၃၈% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၄၁,၉၃၇.၇၄၀ | -၄၁,၉၃၇.၇၄၀ | ၅.၃၅၆ | ၂၅,၀၃၈.၂၆၂ | -၂၅,၀၃၂.၉၀၆ | | ၅၉.၇၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၃၉,၀၂၃.၉၉၁ | -၃၉,၀၂၃.၉၉၁ | ၀.၀၆၈ | ၃၀,၄၄၇.၆၅၃ | -၃၀,၄၄၇.၅၈၅ | | ၇၈.၀၂% |
| ၉ | လေးတိုင်းဒေသကြီး | ၇.၉၁၇.၇၉၀ | ၅၇.၇၄၁.၁၀၂ | -၄၉.၈၂၃.၃၁၂ | ၁,၈၇၂.၁၃၇ | ၂၂,၆၅၈.၇၉၈ | -၂၀,၇၈၆.၆၆၁ | ၂၃.၆၄% | ၃၉.၂၄% |
| ၁၀ | မွန်ပြည်နယ် | | ၂၉,၁၉၀.၁၄၆ | -၂၉,၁၉၀.၁၄၆ | ၆၄၉.၁၆၉ | ၂၃.၂၄၁.၅၀၂ | -၂၂.၅၉၂.၃၃၃ | | ၇၉.၆၂% |
| ၁၁ | ရခိုင်ပြည်နယ် | ၅.၂၉၂.၁၀၁ | ၄၈,၆၆၅.၆၉၆ | -၄၃.၃၇၃.၅၉၅ | ၁,၄၇၉.၆၀၁ | ၄၉.၇၀၅.၀၃၁ | -၄၈,၂၂၅.၄၃၀ | ၂၇.၉၆% | ၁၀၂.၁၄% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂.၉၂၁.၅၀၀ | ၁၅၂.၃၇၃.၂၇၉ | -၁၄၉.၄၅၁.၇၇၉ | ၁၄,၀၆၆.၀၆၇ | ၁၂၅.၄၆၂.၈၆၁ | -၁၁၁,၃၉၆.၇၉၄ | ၄၈၁.၄၇% | ၈၂.၃၄% |
| ၁၃ | ရှမ်းပြည်နယ် | | ၅၇.၇၈၃.၈၂၀ | -၅၇.၇၈၃.၈၂၀ | ၄၈.၄၂၀ | ၅၁.၃၄၁.၉၁၉ | -၅၁.၂၉၃.၄၉၉ | | ၈၈.၈၅% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၃၄.၉၆၄.၁၆၅ | -၃၄.၉၆၄.၁၆၅ | ၂.၃၅၀ | ၃၂,၀၆၀.၅၅၂ | -၃၂,၀၅၈.၂၀၂ | | ၉၁.၇၀% |
| | **စုစုပေါင်း** | ၁၆,၁၃၁.၅၉၁ | ၆၉၂.၉၄၃.၆၄၂ | -၆၇၆,၈၁၂.၀၅၁ | ၁၈,၂၅၇.၇၇၄ | ၅၄၆,၄၇၀.၄၆၇ | -၅၂၈,၂၁၂.၆၉၃ | ၁၁၃.၁၈% | ၇၈.၈၆% |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃) လပတ် (ဇန်နဝါရီလ မှ မတ်လအထိ)
# တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ဒုတိယ (၃) လပတ်အတွက် လျာထားချက် ရငွေ | ဒုတိယ (၃) လပတ်အတွက် လျာထားချက် အသုံးစရိတ် | ဒုတိယ (၃) လပတ်အတွက် လျာထားချက် ပိုငွေ(+) / လိုငွေ(-) | ဒုတိယ (၃) လပတ် အတွက် ယာယီစာရင်း ရငွေ | ဒုတိယ (၃) လပတ် အတွက် ယာယီစာရင်း အသုံးစရိတ် | ဒုတိယ (၃) လပတ် အတွက် ယာယီစာရင်း ပိုငွေ(+) / လိုငွေ(-) | ဒုတိယ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % ရငွေ ရရှိမှု ရာခိုင်နှုန်း | ဒုတိယ (၃)လပတ် အတွက်လျာထားချက် အပေါ်အကောင် အထည်ဖော်နိုင်မှု % သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ချင်ပြည်နယ် | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၂,၀၇၃.၇၅၀ | | +၁၂,၀၇၃.၇၅၀ | ၈၉၁.၀၃၇ | | +၈၉၁.၀၃၇ | ၇.၃၈% | |
| ၁၀ | မွန်ပြည်နယ် | ၃,၈၈၁.၁၂၅ | | +၃,၈၈၁.၁၂၅ | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၆,၅၀၂.၅၆၆ | | +၂၆,၅၀၂.၅၆၆ | ၁၇,၉၅၃.၃၀၂ | | +၁၇,၉၅၃.၃၀၂ | ၆၇.၇၄% | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၀.၉၀၄ | | +၅၀.၉၀၄ | ၂၁၄.၇၅၂ | | +၂၁၄.၇၅၂ | ၄၂၁.၈၈% | |
| | စုစုပေါင်း | ၄၂,၅၀၈.၃၄၅ | - | +၄၂,၅၀၈.၃၄၅ | ၁၉,၀၅၉.၀၉၀ | - | +၁၉,၀၅၉.၀၉၀ | ၄၄.၈၄% | |

နောက်ဆက်တွဲ(ခ)

# တိုင်းဒေသကြီး/ ပြည်နယ်များ၏၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်ဒုတိယ (၃) လပတ်အတွက် လျာထားချက်အပေါ်အကောင်အထည်ဖော်နိုင်မှုအခြေအနေအားသုံးသပ်တင်ပြချက်

## သာမန်ရငွေ၊သုံးငွေ

၁။ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး / ပြည်နယ် (၁၄) ခု၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃) လပတ်လျာထားချက်ကျပ်၃၀၃,၈၂၉.၄၈၂သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ကျပ်၂၆၀,၉၉၃.၁၅၇ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၈၅.၉၀ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃) လပတ်လျာထားချက် ကျပ် ၂၇၄,၅၂၅.၅၁၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၂၆၄,၀၅၁.၂၁၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၉၆.၁၈ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) <u>သာမန်ရငွေပိုမိုရရှိမှု</u>

(၁) <u>ကချင်ပြည်နယ်။</u> အခွန်ရငွေတွင်အခွန်အခရငွေများ ပိုမိုကောက်ခံရရှိခြင်း၊ အခြားသာမန်ရငွေတွင် ပြည်နယ်တရားလွှတ်တော်၏ မိတ္တူကူးခနှုန်းတိုးမြှင့် သတ်မှတ်ကောက်ခံခြင်း၊ ငွေဒဏ်တပ်ရိုက်သည့် အမှုများပြားခြင်း၊ မော်တော်ယာဉ်အမှုများ များပြားခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အထွေထွေရငွေများနှင့် ဌာနပိုင်ဆိုင်ခန်းငှားရမ်းခများ ပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆားလုပ်ငန်းဌာနခွဲတွင် အိုင်အိုဒင်းဆားချောများ ပိုမိုရောင်းချနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ စာရင်းစစ်မှတ်ချက်အရ ကုမ္ပဏီများမှ နောက်ကျဒဏ်ကြေးပေးသွင်းငွေများရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်ခွန်များ ကောက်ခံရရှိခြင်း။

(၂) <u>ကယားပြည်နယ်။</u> အခွန်ရငွေတွင်မြေခွန်ပေးသွင်းခြင်း၊ ဓါတ်သတ္တုခွန်များ ပိုမိုကောက်ခံရရှိခြင်း၊ ငါးမွေးမြူသူလုပ်ငန်းရှင်များမှ လိုင်စင်ခွန်များပေးသွင်းခြင်း၊ အခြားသာမန်ရငွေတွင် ဌာနအချို့၌ တင်ဒါလျှော့ကျလွှာရောင်းချရငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းငွေများ၊ ပြည်နယ်တရားလွှတ်တော်တွင် အခြားရာဇဝတ်မှုမှ ဒဏ်ငွေများကောက်ခံရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးရွာမြေငှားဂရန်များနှင့် လိုင်စင်ကြေးများရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ အဆောက်အဦဟောင်း ဖျက်သိမ်းလေလံလျှော့ကျလွှာရောင်းရငွေများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဓါတ်ခွဲစမ်းသပ်ခများရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် အဆောက်အဦစစ်ဆေးခ၊ အန္တရာယ်ရှိသောလုပ်ငန်းများအတွက် လိုင်စင်နှင့် အခြားရငွေများပိုမိုရရှိခြင်း။

(၃) ကရင်ပြည်နယ်။ အခွန်ရငွေတွင်ရေခွန်များ ၊ ယစ်မျိုးခွန်၊ မြေယာခွန်၊ ဓါတ်သတ္တုခွန်၊ အင်းအိုင်ခွန်၊ ပစ္စည်းခွန်နှင့်ဘီးခွန်တို့မှ ပိုမိုကောက်ခံရရှိခြင်း၊ အခြားသာမန်ရငွေတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငှားရမ်းခရငွေများရရှိခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရိစ္ဆာန်ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်နှင့် မှတ်ပုံတင်ထုတ်ပေးခြင်းရငွေရရှိခြင်း၊ လမ်းဦးစီးဌာနမှ လမ်းအသုံးပြုခဂိတ် လေလံကြေးရငွေနှင့်အရည်အသွေးစစ်ဆေးခရငွေများရရှိခြင်း၊

(၄) စစ်ကိုင်းတိုင်းဒေသကြီး။ အခြားသာမန်ရငွေ၌ တိုင်းဒေသကြီးတရားလွှတ်တော်တွင် ကျွဲ / နွား လေလံရောင်းချရငွေ၊ မော်တော်ယာဉ်တပ်ရိုက်ဒဏ်ငွေများ ပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းရှင်မှတ်ပုံတင်အသစ်များ၊ သက်တမ်းတိုးမြှင့်ကြေးများ၊ ကဒ်လဲကြေး၊ဒဏ်ကြေးနှင့် မိတ္တူကြေးများပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် သစ်စက်လိုင်စင်သက်တမ်းတိုး ကောက်ခံရရှိခြင်းနှင့် သက်တမ်းတိုးရန် ပျက်ကွက်သည့်အတွက် ရက်လွန်ဒဏ်ကြေးကောက်ခံရရှိခြင်း၊ သစ်တောမှုများမှ COD ကြေးကောက်ခံရရှိခြင်း၊ အားကစားနှင့် ကာယပညာဦးစီး ဌာနတွင် အားကစားရုံဟောင်းများ ရောင်းချခြင်းကြောင့် ရငွေများပိုမိုရရှိခြင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ခန်းငှားရမ်းခ ရငွေပိုမိုရရှိခြင်း၊ လမ်းဦးစီးဌာနတွင် ယာဉ်များသွားလာမှုများပြား၍ ရငွေပိုမိုရရှိခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ကုမ္ပဏီများမှရက်လွန်ဒဏ်ကြေး ပေးသွင်းမှုမှ ရငွေများ ပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့၌ တစ်ချို့မြို့နယ်များမှဒုတိယ(၆) လပတ်တွင် ကောက်ခံရန်လျာထားသည့် အဆောက်အဦနှင့် မြေခွန်များ ကြိုတင်ကောက်ခံရရှိ၍ပိုမိုရရှိခြင်း။

(၅) တနင်္သာရီတိုင်းဒေသကြီး။ အခွန်ရငွေ၌ဘီးခွန်၊ ဓါတ်သတ္တုခွန်များရရှိခြင်း၊ ရေခွန်နှင့်တာတမံခွန်ပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဒဏ်ကြေးငွေရရှိခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ဝေသည့် SOP စာအုပ်ရောင်းချရငွေများ ရရှိခြင်း၊ မြေငှားရမ်းခများရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ စက်တပ်လှေ အပေါ်ကောက်ခံရရှိသည့် Royalty Fee ဝင်ငွေများလွှဲပြောင်းရရှိခြင်း၊ စင်တင် တေးဂီတ လိုင်စင်ကြေးများ ပေးသွင်းလာခြင်း၊ တင်ဒါအာမခံကြေးများပေးသွင်း လာခြင်း စာရင်းစစ်စစ်ဆေးချက်အရ ပိုပေးမိငွေမှပြန်လည် ရရှိခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ဒဏ်ငွေများနှင့် ပိုင်ရှင်မဲ့သိမ်းယူထားသောပစ္စည်းများ ရောင်းချခြင်း

မှရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပိုပေးမိငွေမှပြန်လည်ပေးသွင်းခြင်း၊ ဗွီဒီယို၊ ကာရာအိုကေနှင့် တေးသံသွင်းလိုင်စင်များ သက်တမ်းတိုး လျှောက်ထားခြင်း အပေါ်ဒဏ်ငွေများရရှိခြင်းနှင့် ပွဲလမ်းသဘင်ဆောင်ရွက်ခြင်းမှ ရငွေများ ရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးစစ်ဆေးမှုမှ ပိုမိုရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင်မြေငှားရမ်းခများနှင့် စာရင်းစစ် စစ်ဆေးချက် အရပိုပေးမိငွေမှ ပြန်ရငွေများရရှိခြင်း၊ သမဝါယမဦးစီးဌာနတွင် သက်တမ်းပြည့်သည့် အသင်းမှတ်ပုံတင်ကြေးများ ပေးသွင်းခြင်းကြောင့်ရရှိခြင်း၊ သစ်တောဦးစီးဌာနမှ သစ်သားလှေခွံ/ အင်ဂျင်စက်များ လေလံတင်ရောင်းချခြင်းနှင့် သစ်စက်လိုင်စင် သက်တမ်းတိုးမြှင့်ပေးခြင်းမှ ပိုမိုရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ငှားရမ်းခရငွေနှင့် ဒဏ်ကြေး၊ စုပေါင်းပိုင်လုပ်ငန်းလိုင်စင်ကြေး၊ အိမ်ခန်းငှားရမ်းခ လျှောက်လွှာရောင်းရငွေများ ပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ဆိုင် လုပ်ငန်းလိုင်စင်၊ ပုဂ္ဂလိကအိမ်ဆိုင်၊ ဘေးအန္တရာယ်လုပ်ငန်းလိုင်စင်ခများ ပိုမို ကောက်ခံရရှိခြင်း။

(၆) <u>မကွေးတိုင်းဒေသကြီး။</u> အခွန်ရငွေဦးရေချိုင်းဖမ်းကိရိယာခွန် ကောက်ခံခြင်းတို့မှ အခွန်ရငွေများပိုမိုရရှိခြင်း၊ သစ်တောထွက်ပစ္စည်းများပုံစံ (၈) ဖမ်းဆီးပစ္စည်းများ၊ ဒေသသုံးသစ်ရောင်းချမှုမှ ရငွေများပိုမိုရရှိခြင်း၊ အဆောက်အဦ၊ မြေခွန်၊ ဘီးခွန် တို့မှပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေဦး တိုင်းဒေသကြီးတရားရုံးမှ အခြား ရာဇဝတ်မှု များ ခေါင်းစဉ်အောက်မှရငွေများရရှိခြင်း၊ အထူးစုံစမ်းစစ်ဆေးဦးစီးဌာနမှ တင်ဒါ ရောင်းချရငွေမှ ပိုမိုရရှိခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လစာပိုထုတ်မိငွေ ပြန်လည်ပေးသွင်းခြင်းမှ ရရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနတွင် ဆိုလာလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် စက်မှုကဏ္ဍတို့တွင် ရင်းနှီး မြှုပ်နှံမှုများ တိုးတက်ရရှိခြင်းကြောင့် ရငွေပိုမိုရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ဆက်သွယ်ရေးတာဝါတိုင်အတွက် မြေနေရာ ငှားရမ်းခများ တစ်နှစ်စာကြိုတင်ပေးသွင်းကြောင့်ရရှိခြင်း၊ သမဝါယမဦးစီးဌာနသည် စာရင်းစစ်ကန့်ကွက်ချက်အရ မြို့နယ်များ၏ပိုပေးပြန်သွင်းငွေများနှင့် မှတ်ပုံတင် ကြေးများ ပြန်သွင်းရခြင်းကြောင့် ရငွေများရရှိခြင်း၊ အသေးစားစက်မှုလက်မှုဦးစီး ဌာနတွင် ဓါတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများတိုးလာသောကြောင့် ရငွေများ ရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် မျောစာခွန်၊ သစ်တောမှုလျော်ကြေးနှင့် သစ်စက်လိုင်စင် ကြေးများရရှိခြင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ဆောက်လုပ်ရေး လုပ်ငန်းတို့မှ ပိုထုတ်ငွေပြန်လည်ပေးသွင်းခြင်းမှရရှိခြင်း ၊ အားကစားနှင့် ကာယပညာ

ဦးစီးဌာနတွင် စာရင်းစစ်ကန့်ကွက်ငွေ၊ လစာနှင့်အခြားဆိုင်ခန်း ငှားရမ်းခ ရငွေများ ပေးသွင်းခြင်းကြောင့်ရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပိုပေးပြန်ရပေးသွင်းခြင်းအတွက် ရငွေများနှင့် အထွေထွေငှားရမ်းခရငွေများ၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် တင်ဒါပုံစံများခန့်မှန်း ထားသည်ထက် ပိုမိုရောင်းချရခြင်းကြောင့်ရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် အဆောက်အဦစစ်ဆေးခြင်း၊ ရေပေးဝေခြင်း၊ စားသောက်ဆိုင်နှင့် ဘေးအန္တရာယ် စစ်ဆေးခြင်း၊ သားသတ်လိုင်စင်များနှင့် စီးပွားရေးကြော်ငြာဆိုင်းဘုတ်ခွန်တို့မှ ရရှိခြင်းကြောင့်ပိုမိုရရှိခြင်း။

(၇)<u>မွန်ပြည်နယ်</u>။ အခြားသာမန်ရငွေ၌ ပြည်နယ်အစိုးရအဖွဲ့မှ ဒဏ်ကြေးငွေ၊ ရော်ဘာပင် ရောင်းချရငွေ၊ စစ်တောင်းစက္ကူစက် ဝန်ထမ်းအိမ်ရာမှ မီတာခရငွေနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပြုလုပ်ခြင်းမှ ရငွေ၊ စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ရေစုပ်စက် ငှားရမ်းခရငွေ၊ လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေများ လျာထားချက်ထက် ပိုမိုရရှိခြင်း၊ ပြည်နယ်လွှတ်တော်ရုံးမှ ဥပဒေစာအုပ်များရောင်းချရငွေ၊ ပြည်နယ်တရား လွှတ်တော်ရုံးမှ ယစ်မျိုးမှုများနှင့် အခြားရာဇဝတ်မှုများမှ ကောက်ခံရရှိသည့် ဒဏ်ကြေးငွေများရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦ စစ်ဆေးခ ရငွေပိုမိုရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထောက်ခံချက်လက်မှတ်များ ထုတ်ပေးခြင်းမှ ရငွေများ ပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနမှ သစ်စက်အသစ်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးခြင်း အခွန်ငွေ၊ လိုင်စင်စည်းကမ်းပျက်ကွက်မှု ဒဏ်ကြေးများ ပိုမိုရရှိခြင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆိုင်ခန်းငှားရမ်းခများ ပိုမိုရရှိခြင်း၊ လမ်းဦးစီးဌာနမှဘဏ် နှင့်အချုပ်ခန်းစစ်ဆေးခရငွေ၊ စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦစစ်ဆေးခြင်းမှ ရငွေ၊ အမှိုက်နှင့်အညစ်အကြေး သိမ်းဆည်းခြင်းမှ ရငွေ၊ ရေပေးခြင်းမှရငွေ၊အနေး ယာဉ်ပိုင်ရှင်လိုင်စင်ပြောင်းလဲခရငွေ၊ အဆောက်အဦ၊ မြေ၊ ဈေးများနှင့် ဈေးဆိုင်ခန်း များ၊ သားသတ်ရုံခ၊ အများသုံးအိမ်သာနှင့် ရေချိုးခန်းများစသည်တို့မှ ငှားရမ်းခ ရငွေ၊ ယာဉ်ရပ်နားစခန်းဝင်ကြေးနှင့် ရပ်နားခ၊ ယာဉ်စောင့်လုပ်ငန်းမှရငွေ၊ စီးပွားရေး ကြော်ငြာဆိုင်းဘုတ်စိုက်ထူခ၊ သုသာန်မြေများနှင့် နိဗ္ဗာန်ယာဉ်ငှားခ၊ မီးသင်္ဂြိုလ်စက် နှင့် ဇရပ်အသုံးပြုခြင်းမှရငွေ၊ သားသတ်နှင့်အသားရောင်း လိုင်စင်ခများ၊ အခြား အခွင့်အရေးလိုင်စင်ခများ၊ ဒဏ်ကြေးများ၊ စီးပွားကုန်သွယ်လုပ်ငန်းမှ အမြတ်ရငွေ နှင့်အတိုးရငွေတို့ပိုမိုရရှိခြင်း။

(၈) <u>ရခိုင်ပြည်နယ်။</u> အခွန်ရငွေ၌ဓါတ်သတ္တုခွန်လိုင်စင်များ ပိုမိုထုတ်ပေးခြင်းနှင့် ဓါတ်သတ္တုခွန်များပိုမိုကောက်ခံရရှိခြင်း၊ သစ်မာ၊ ထင်း၊ မီးသွေး၊ ဝါး၊ကြိမ်၊ အခြားအသေးအဖွဲ့များနှင့် ပစ္စည်းခွန်များ ပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေများ လျာထားချက်ထက် ပိုမိုရရှိခြင်း၊ ပြည်နယ်လွှတ်တော်ရုံးမှ တင်ဒါလျှော်က်လွှာ ရောင်းချရငွေများရရှိခြင်း၊ မြေငှားရမ်းခရငွေနှင့် စာရင်းစစ်ကန့်ကွက်ငွေပြန်သွင်းခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသင်းအဖွဲ့မှတ်ပုံတင်ငွေများ ပေးသွင်းခြင်းနှင့် ဆိုင်ခန်းငှားရမ်းခများရရှိခြင်း၊ ပိုပေးမိငွေမှပြန်သွင်းငွေများ၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့် အဆောက်အဦအသစ်များ စစ်ဆေးခရရှိခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရိစ္ဆာန်ကာကွယ်ဆေးထိုးနှံခ၊ တိရိစ္ဆာန်အသားစစ်ဆေးခ၊ ခြံစာရင်းစစ်ဆေးခများရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းမှတ်ပုံတင်ကတ်များ သက်တမ်းတိုးခြင်းမှ ရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ငှားရမ်းခနှုန်းထားတိုးမြှင့်ကောက်ခံခြင်းမှရငွေ၊ ဒဏ်ကြေးငွေများနှင့် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းမှရငွေ၊ လမ်းဦးစီးဌာနမှ ဘဏ်တိုက်စစ်ဆေးခ၊ စည်ပင်သာယာရေးအဖွဲ့တွင် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များ၊ အဆောက်အဦစစ်ဆေးခများ၊ရေပေးခြင်းနှင့်လုပ်ငန်းလိုင်စင်ခများမှ ပိုမိုရရှိခြင်း။

(၉) <u>ရန်ကုန်တိုင်းဒေသကြီး။</u> အခွန်ရငွေ၌မြေခွန်၊ ဓါတ်သတ္တုခွန်၊ အင်းအိုင်ခွန်များပိုမိုရရှိခြင်း၊ ရှားစေးအခွန်ပိုမို ကောက်ခံရရှိခြင်း၊ မော်တော်ယာဉ်ဘီးခွန်၊ ယာဉ်ရပ်နားခဝင်ငွေများ၊ မော်တော်ယာဉ်အရေအတွက် များပြားလာ၍ လိုင်စင်သက်တမ်းတိုးခြင်းအတွက် ဘီးခွန်များပိုမိုရရှိခြင်း၊ ရေလုပ်ငန်းသုံးရေခဲစက်(၁၄)ခုမှ ကြွေးကျန်များ လာရောက်ပေးသွင်းထားခြင်း၊ နိုင်ငံခြားငွေဖြင့်စည်းကြပ်သော အဆောက်အအုံများမှ ဝင်ငွေပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေ၌ တိုင်းဒေသကြီးအစိုးရဖွဲ့မှ ဒဏ်ကြေးရငွေနှင့် ပိုပေးမိသည့်ငွေများ ပြန်လည်ပေးသွင်းရရှိခြင်း၊ တရားလွှတ်တော်မှ မိတ္တူကူးခများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အင်းစိန်မြို့နယ်ရုံးမှ မြေငှားဂရန်အထူးဝန်ဆောင်ခရငွေများ၊ ရုံးခန်းငှားရမ်းခများရရှိခြင်း၊ မြေဂရန်ဒဏ်ကြေးငွေများရရှိခြင်း၊ စာရင်းစစ်ချုပ်ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့တွင် ဆောင်ရွက်ပေးမှုအတွက်ရငွေနှင့် ပိုပေးမိသည့်ငွေများ ပြန်လည်ပေးသွင်းခြင်းမှ ရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခရငွေများပိုမိုရရှိခြင်း၊သမဝါယမဦးစီးဌာနတွင် ငှားရမ်းခရငွေများ၊ ပစ္စည်းဟောင်း

ရောင်းချရငွေနှင့် စီမံဆောင်ရွက်ခရငွေများ ပိုမိုရရှိခြင်း၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာနမှရုံနှင့် ဆိုင်ခန်းငှားရမ်းခ၊ ဗီဒီယိုလိုင်စင်ခနှင့် ဒဏ်ကြေးငွေများပိုမိုရရှိခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ငှားရမ်းခရငွေများ၊ ကန်ထရိုက်လိုင်စင်ခများနှင့် လုပ်ငန်းလိုင်စင်ခများ၊ စီးပွားရေးအမှိုက်သိမ်းဆည်းခများ ပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦစစ်ဆေးခများ၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်စိုက်ထူခများ၊ စားသောက်ဆိုင်ဘေးအန္တရာယ် လိုင်စင်ခများ၊ ဈေးဆိုင်ခန်းငှားရမ်းသူအမည်ပြောင်းခြင်းနှင့် တင်ဒါလျှော့က်လွှာရောင်းချရငွေများ ပိုမိုရရှိခြင်း။

(၁၀)ရှမ်းပြည်နယ်။ အခွန်ရငွေ၌ယစ်မျိုးခွန်၊ ဓါတ်သတ္တုခွန်၊ မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက်ကောက်ခံသည့် အခွန်များပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေ၌ လွှတ်တော်ရုံးမှဥပဒေစာအုပ်များ ရောင်းချရငွေ၊ ညှော်ရိပ်သာတည်းခိုစရိတ်များ ပိုမိုကောက်ခံရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးထောက်ခံချက်ပေးခြင်း၊ မွေးမြူရေးခြံမှတ်ပုံတင်ခြင်းမှ ရငွေပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနမှ တရားမဝင်သစ်ဖမ်းဆီးရမိခြင်းအတွက် ဒဏ်ကြေး၊ သစ်စက်လိုင်စင်၊ ဆင်လိုင်စင်သက်တမ်းတိုးခြင်းအတွက်ရငွေပိုမိုကောက်ခံရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဓါတ်ခွဲစမ်းသပ်မှုများပြားခြင်းနှင့် ဌာနအသီးသီးမှ တင်ဒါလျှော့က်လွှာရောင်းချရငွေများပိုမိုရရှိခြင်း။

(၁၁)ဧရာဝတီတိုင်းဒေသကြီး။ အခြားသာမန်ရငွေ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဆိပ်ကမ်းကပ်ခ၊ မြေယာဒဏ်ကြေးပေးသွင်းခြင်း၊ တင်ဒါပုံစံရောင်းရငွေများ၊ ဆိုင်ကယ်ဒဏ်ကြေးများ၊ ရုပ်ရှင်လိုင်စင်ခနှင့်ဆိုင်ခန်းငှားရမ်းခများ၊ အခွန်ဝေစုပိုမိုရရှိခြင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ ဘဏ္ဍာသိမ်း ကျွဲ ၊ နွားများ၊ ဆိုင်ကယ်များ၊ စက်လှေများနှင့် သင်္ဘောများလေလံတင် ရောင်းချရငွေများ ၊ ယစ်မျိုးမှုများမှ အရက်များရောင်းချရငွေ၊ အထွေထွေမှုများမှ ဒဏ်ငွေများ၊ မော်တော်ယာဉ်မှုများမှ ဒဏ်ငွေများပိုမိုကောက်ခံရရှိခြင်း၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ လစာနှင့်ခရီးစရိတ်ပို ထုတ်မိငွေများပြန်လည်ပေး သွင်းခြင်းမှရငွေ၊ မီးသတ်ဦးစီးဌာနမှအထပ်မြင့်အဆောက်အဦဆောက်လုပ်ခြင်းအတွက် စစ်ဆေးအကြံပြုခရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးလိုင်စင်ကြေးများတိုးမြှင့်ခဲ့သဖြင့် ပိုမိုရရှိခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေအရထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များအတိုင်း အခကြေးငွေများကို သတ်မှတ်နှုန်းထားများနှင့်အညီ တိုးမြှင့်ကောက်ခံခြင်းကြောင့်ပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားလုပ်ငန်းမှတ်ပုံတင် လျှော့က်လွှာရောင်းချခြင်း

မှုရရှိခြင်း၊ သက်တမ်းတိုးကြေးရရှိခြင်း၊ သက်တမ်းလွန်ဒဏ်ကြေးရရှိခြင်း၊ ခုတ်ခွဲစမ်းသပ်ခရငွေ ပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနမှ ဖမ်းဆီးသစ်များအား ဒဏ်ကြေးတပ်ရိုက်ခြင်းမှ ရရှိသောဒဏ်ငွေများမှ ပိုမိုရရှိခြင်း၊ သတ္တုတွင်းဦးစီးဌာနမှ နောက်ကျရက်လွန်ဒဏ်ကြေးများ၊ လိုင်စင်မဲ့ဒဏ်ကြေးများ ကောက်ခံရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒဏ်ကြေးများနှင့် ပြန်သွင်းငွေများရှိသဖြင့် ပိုမိုရရှိခြင်း၊ လမ်းဦးစီးဌာနမှ ကတ္တရာပုံးခွံများ လေလံတင်ရောင်းချရငွေ၊ ပစ္စည်းပေးသွင်းသူများထံမှ တင်ဒါစည်းကမ်းအရ Deposit များအား ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်းနှင့် တင်ဒါပစ္စည်းပေးသွင်းမှု နောက်ကျခြင်းအတွက်ဒဏ်ကြေးရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ လေလံကြေးငွေများအကြေပေးသွင်းမှုရှိခြင်း၊ အဆောက်အအုံစစ်ဆေးခများ၊ လုပ်ငန်းလိုင်စင်ခများပြည့်မီစွာ ကောက်ခံရရှိခြင်းတို့ကြောင့်ပိုမိုရရှိခြင်း။

(ခ) <u>သာမန်ရငွေလျော့နည်းရရှိမှု</u>

(၁)<u>ပဲခူးတိုင်းဒေသကြီး</u>။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခွန်ဝေစုရငွေများလျော့နည်းရရှိခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေသည် ပထမ(၃)လပတ်အတွင်းရရှိခဲ့ခြင်းကြောင့် လျော့နည်းရရှိခြင်း။

(ဂ) <u>သာမန်သုံးငွေပိုမိုသုံးစွဲမှု</u>

(၁)<u>ကချင်ပြည်နယ်</u>။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၌ လမ်းဦးစီးဌာနတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၌ လုပ်ငန်းပြီးစီးမှုအလိုက် အသုံးစရိတ်များ ပိုမိုသုံးစွဲခြင်း။

(၂) <u>ကရင်ပြည်နယ်</u>။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၌ ပြည်နယ်အစိုးရအဖွဲ့တွင် ဧည့်ခံကျွေးမွေးစရိတ်ပိုမိုသုံးစွဲခဲ့ခြင်း၊ ပြည်နယ်ဥပဒေချုပ်ရုံးတွင် မြဝတီခရိုင်/ မြို့နယ်စုပေါင်းဥပဒေရုံး ဆေးသုတ်ခဲ့ခြင်း၊ စာရေးဝန်ထမ်းမွမ်းမံသင်တန်းဖွင့်လှစ်ခဲ့ခြင်းနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ အချိန်ပိုကြေးနှင့်ရုံးဖွင့်ပွဲကုန်ကျစရိတ်များသုံးစွဲခဲ့ခြင်းကြောင့်ပိုမိုသုံးစွဲခြင်း၊

(၃)<u>တနင်္သာရီတိုင်းဒေသကြီး</u>။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် မော်တော်ယာဉ်များအား ဒုတိယ(၃)လပတ်အတွင်း တွင်ပြင်ဆင်မှုများပြားခြင်း၊ ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနတွင် မိုးတွင်းကာလနီးစပ်လာပြီး ဖြစ်သဖြင့် သာမန်/ အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်ခြင်း၊ မီးသတ်ဦးစီးဌာနတွင်

သင်တန်းတက်ရောက်မှုများပြားခြင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံ စရိတ်များ ထောက်ပံ့ပေးရခြင်းနှင့် အဆောက်အဦများ ဆေးသုတ်မွမ်းမံပြင်ဆင်ခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးတွင်ဝန်ထမ်း (၁) ဦး ဖောင်ကြီးသင်တန်းသို့ တက်ရောက်ခြင်း၊ ရုံးအကူ(ပုတ်ပြတ်)(၁)ဦးခန့်ထားခဲ့ခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ပိုမိုသုံးစွဲရခြင်း၊ ဝန်ထမ်းများ အချိန်ပိုတာဝန်ထမ်းဆောင်ရခြင်း၊ သစ်တောဦးစီးဌာနတွင် ပျိုးအိတ်များ၊ ရုံးအသုံးအဆောင်ပစ္စည်းများ လျာထားချက်ထက် ပိုမိုဝယ်ယူခြင်း၊ ကွန်ပျူတာနှင့် မိတ္တူကူးစက်များပြင်ဆင်ရခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင် Town Plan အဖွဲ့များလာရောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများ၊ ဝန်ကြီး အိမ်ရာများ၌ ပျက်စီးနေမှုများအား ပြန်လည်ပြင်ဆင်ရခြင်းကြောင့် ပြင်ဆင် ထိန်းသိမ်းစရိတ်များ ပိုမိုသုံးစွဲခြင်း၊ လျှပ်စစ်မီးရရှိရေးအတွက် မီးလိုင်းသွယ်တန်းခြင်း၊ လမ်းဦးစီးဌာနတွင် ဝန်ထမ်းများတာဝန်အရ ခရီးသွားလာမှုများပြားခြင်း၊ ဒီဇယ်များ ထုတ်ယူသုံးစွဲခဲ့ခြင်းနှင့် ခရိုင်အဖွဲ့များမှ ပြင်ဆင်ထိန်းသိမ်းစရိတ်များထုတ်ယူ သုံးစွဲခြင်း။

(၄) <u>မကွေးတိုင်းဒေသကြီး</u>။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့ အစည်းများ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ခရီးသွားကွင်းဆင်းစရိတ်များ၊ ရေအရင်းအမြစ်မှ စက်သုံးဆီများ ဒုတိယ(၃)လပတ်တွင် ပိုမိုထုတ်ယူခဲ့ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့် နေရာချထားရေးခေါင်းစဉ်မှ ထောက်ပံ့ပေးခြင်း၊ အစည်းအဝေးကျင်းပသည့် အရေ အတွက်များခြင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေများအား ပြည်ထောင်စုမှ ဒုတိယ(၃)လပတ်တွင် ပိုမိုလွှဲပို့ပေးသဖြင့်ပိုမိုသုံးစွဲခြင်း၊ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနတွင် ဆီခွဲတမ်းနှုန်းထားအသစ်ဖြင့် ခွဲဝေခြင်းနှင့်ပထမ(၃) လပတ်တွင် ဖွင့်လှစ်နိုင်မှုမရှိသည့် သင်တန်းများ ဒုတိယ(၃)လပတ်တွင် ဖွင့်လှစ် ခဲ့သည့် အတွက်ပိုမိုသုံးစွဲခြင်း၊ လမ်းဦးစီးဌာနတွင်ခရီးစရိတ်များ သုံးစွဲခြင်း၊ တယ်လီဖုန်းနှင့် လျှပ်စစ်ခတ်အားခများ ပေးချေရခြင်း၊ လမ်းတံတားပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ လျာထားသည်ထက် ပိုမိုဆောင်ရွက်သည့်အတွက် သုံးစွဲခြင်း။

(၅) <u>မွန်ပြည်နယ်</u>။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်များ၌ ရုံးအဆောက်အဦများ၊ ဆည်မြောင်းလုပ်ငန်း များနှင့် လမ်း/ တံတားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် တင်ဒါခေါ်ယူသည့် လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ခြင်းမူလတန်းကျောင်းများတွင်နို့

ဖာထောက်ပံ့ခြင်း၊ ၁၀ မြို့နယ် သောက်သုံးရေ ရှားပါး၍ ထောက်ပံ့ခြင်းနှင့် ညှိနှိုင်း ကျွေးမွေးစရိတ်များလျာထားသည်ထက်ပိုမိုသုံးစွဲခြင်း။

(၆) ရခိုင်ပြည်နယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊အဖွဲ့အစည်းများတွင် ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပင်စင်အသုံးစရိတ်၊ လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အသုံးစရိတ်များ လျာထားသည်ထက် ပိုမိုသုံးစွဲခြင်း။

(၇) ရှမ်းပြည်နယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန၊အဖွဲ့အစည်းများတွင် Covid-19 ရောဂါကာကွယ်ရန်အတွက် လိုအပ်သောအသုံးစရိတ်များ သုံးစွဲထားခြင်း၊ ဌာနဆိုင်ရာလုပ်ငန်းအစည်းအဝေးများ၊ ဟောပြောပွဲများဆောင်ရွက်မှု အကြိမ်အရေအတွက်များပြားခြင်း၊ တင်ဒါအစည်းအဝေးများပြုလုပ်ခြင်းအတွက် ပိုမိုသုံးစွဲခြင်း။

(၈) ဧရာဝတီတိုင်းဒေသကြီး။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် စရိတ်ချီးမြှင့်ငွေများ၊ ခရီးစရိတ်များ၊ လျှပ်စစ်ဓာတ်အားခများပိုမိုခြင်း၊ ကျွေးမွေးစရိတ်များပိုမိုခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ဝန်ထမ်းများရာထူးတိုးမြှင့် ပြောင်းရွှေ့လာခြင်း၊ အလုပ်သင်နေ့စားများအမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခြင်း၊ ခရီးစရိတ်များ၊ ပြင်ဆင်စရိတ်၊ ကျွေးမွေးစရိတ်များသုံးစွဲမှုပိုမိုခြင်း၊ သတ္တုတွင်းဦးစီးဌာနတွင် ခရီးစရိတ်များ ပိုမိုသုံးစွဲခြင်း၊ လမ်းဦးစီးဌာနတွင် ဝန်ထမ်းများရာထူးတိုးမြှင့်ပြောင်းရွှေ့ခြင်းနှင့် ကတ္တရာ၊ ကျောက်မျိုးစုံနှင့် အခြားပစ္စည်းဖိုးများအား တစ်ပြိုင်နက်ပေးချေရသဖြင့်ပိုမိုသုံးစွဲခြင်း။

(ဃ) <u>သာမန်သုံးငွေလျှော့နည်းသုံးစွဲမှု</u>

(၁) ပဲခူးတိုင်းဒေသကြီး။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဝန်ကြီးများ ပြည်တွင်းခရီးနှင့် နိုင်ငံခြားသို့ခရီးသွားလာမှု နည်းပါးခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ စိစစ်သုံးစွဲခြင်း၊ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ချို့ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့် UNDP မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပထမအရစ်သာလွှဲပြောင်းပေးပို့ခြင်းကြောင့် လျှော့နည်းသုံးစွဲခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ဝန်ထမ်းများဆေးလက်မှတ်ခွင့်နှင့် လစာမဲ့ခွင့်ယူခြင်း၊ ဆေးပင်စင်ယူခြင်း ၊ ခရီးစရိတ်များစိစစ်သုံးစွဲခြင်း ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဝန်ထမ်းများခရီးသွားလာမှုနည်းပါးခြင်း၊ ညွှန်ကြားရေးမှူး

နေပြည်တော်သို့ အစည်းအဝေးတက်ရောက်ရသည့် အကြိမ်လျော့နည်းခြင်းကြောင့် တည်းခိုးခလျော့နည်းခြင်း၊ စက်ကိရိယာပြင်ဆင်စရိတ်များ စိစစ်ပြင်ဆင်ခြင်း၊ တယ်လီဖုန်းသုံးစွဲခများနှင့် မီတာခများ စိစစ်သုံးစွဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတွင် ဝန်ထမ်းသစ်များခန့်ထားနိုင်မှုမရှိခြင်း၊ ADSL အင်တာနက်လိုင်း တပ်ဆင်ရန်ကျန်ရှိနေခြင်း၊ အမှုထမ်း(၂၀)ဦး အတွက် ဝတ်စုံစရိတ်ပေးချေမှုမရှိသေးခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားများ မကျင်းပရသေးခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အငှားအိမ်ရာတိုက်များ ဆေးသုတ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းအတွက် လျော့နည်းပေးချေရခြင်း၊ စည်ပင်သာယာရေး အဖွဲ့တွင် စက်သုံးဆီနှင့် ကျွေးမွေးစရိတ်များစိစစ်သုံးစွဲခြင်း၊ သာယာလှပရေးလုပ်ငန်း အချို့ဆောင်ရွက်နိုင်မှုမရှိသေးခြင်းနှင့် ကယ်ဆယ်ရေးရန်ပုံငွေအား ထုတ်ယူသုံးစွဲမှု မရှိသေးခြင်း။

ငွေလုံးငွေရင်းရငွေ၊သုံးငွေ

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး / ပြည်နယ်(၁၄)ခု၏ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃) လပတ်လျာထားချက် ကျပ် ၁၆,၁၃၁.၅၉၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၂၅၇.၇၇၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၁၁၃.၁၈ဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃) လပတ်လျာထားချက် ကျပ် ၆၉၂,၉၄၃.၆၄၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၄၆,၄၇၀.၄၆၇သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၈.၈၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က)ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု

(၁) ကယားပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ စည်ပင်သာယာရေးအဖွဲ့တွင် ဒီးမော့ဆိုမြို့မဈေးနှင့် ဖရူဆိုမြို့မဈေးတို့အား အဆင့်မြှင့်တင်တည်ဆောက်ပြီး ဈေးဆိုင်ခန်းများအရစ်ကျစနစ်ဖြင့် ရောင်းချရငွေများရရှိခဲ့ခြင်း။

(၂) ကရင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှအဆောက်အဦဟောင်း လေလံတင်ရောင်းချရငွေများနှင့် စည်ပင်သာယာရေးအဖွဲ့မှ မတည်ပစ္စည်းရောင်းရငွေများရရှိခြင်း။

(၃) <u>ချင်းပြည်နယ်</u>။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ဆယ်တင်ပစ္စည်းများအား ရောင်းချရငွေ ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာဟောင်း (၃) လုံးအား အစားထိုး တည်ဆောက်ရာတွင် လေလံတင်ရောင်းချခြင်းမှ ရငွေများရရှိခြင်း။

(၄) <u>စစ်ကိုင်းတိုင်းဒေသကြီး</u>။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက် မရှိသော်လည်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင်စက်ရက်ကန်းခန်းမဆောင် အဆောက်အဦပစ္စည်းရောင်းရငွေရရှိခြင်း၊စည်ပင်သာယာရေးအဖွဲ့မှရေမီတာ ရောင်းရငွေနှင့်ယာဉ်စက်ယန္တရားဟောင်းရောင်းရငွေတို့ရရှိခြင်း။

(၅) <u>တနင်္သာရီတိုင်းဒေသကြီး</u>။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ပင်လုံအိမ်ရာတိုက်ခန်းရောင်းချ ရငွေများပေးသွင်း လာခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ဈေးဆိုင်ခန်းလွတ်များ လေလံတင်ရောင်းချခြင်း တို့မှရရှိခြင်း။

(၆) <u>ပဲခူးတိုင်းဒေသကြီး</u>။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း စည်ပင်သာယာရေးအဖွဲ့မှ ဈေးဆိုင်ခန်းများ၊ ရေမီတာ၊ ပစ္စည်းဟောင်းများနှင့် ကတ္တရာပီပါခွံရောင်းရငွေများရရှိခြင်း။

(၇) <u>မကွေးတိုင်းဒေသကြီး</u>။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက်ပိုမိုရရှိခြင်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သုံးစွဲ၍မရသော ရုံးသုံးစက်ကိရိယာတန်ဆာ ပလာပစ္စည်းများ ရောင်းချခြင်းမှရငွေများ ပိုမိုရရှိခြင်း။

(၈) <u>မွန်ပြည်နယ်</u>။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ကြာအင်းကျေးရွာ ဗညားဒလတန်ဖိုးသင့်အိမ်ရာစီမံကိန်းရှိ တိုက်ခန်းများရောင်းချရငွေ၊ ဘီးလင်းမြို့နယ် ဂိုဒေါင်အဆောက်အဦဟောင်း လေလံရောင်းချရငွေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆောက်အဦဟောင်း လေလံတင်ရောင်းရငွေ၊ စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာပီပါခွံနှင့် ရေမီတာ ရောင်းချရငွေများရရှိခြင်း။

(၉) <u>ရန်ကုန်တိုင်းဒေသကြီး</u>။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် ပိုမိုရရှိခြင်း မှာ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ အဆောက်အဦရောင်းချ ရငွေရရှိခြင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ရုံးအဆောက်အဦပျက်စီးခြင်းအတွက် တာဝန်

ရှိသူမှပေးလျော်ရမည့်ပထမအရစ် (၂၅%) လျော်ကြေးငွေရရှိခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေကွက်နှင့် ရေမီတာများပိုမိုရောင်းချရသဖြင့် လျာထားချက်ထက်ကျော်လွန်ရရှိခဲ့ခြင်း။

(၁၀)ရှမ်းပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း စည်ပင်သာယာရေးအဖွဲ့မှ မော်တော်ယာဉ်အဟောင်းများ ပြန်လည်ရောင်းချခြင်းနှင့် ရေမီတာများရောင်းချခြင်းမှပိုမိုရရှိခြင်း။

(၁၁)ဧရာဝတီတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း စည်ပင်သာယာရေးအဖွဲ့မှ ပုသိမ် ၊ ငပုတော ၊ ညောင်တုန်း ၊ ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့၏ အဆောက်အအုံ ၊ နေရာထိုင်ခင်းနှင့် မြေနေရာ ရောင်းချခြင်း၊ အဖွဲ့ပိုင်ဈေးအတွင်း ဈေးဆိုင်ခန်းရောင်းချခြင်းတို့မှ ရငွေများပိုမိုရရှိခြင်း။

(ခ)ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု

(၁)မန္တလေးတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက်လျော့နည်းရရှိခြင်းမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းမဲပေါက်သူများမှ လာရောက်ပေးသွင်းခြင်း မရှိသေးပါသဖြင့်လျော့နည်း ရရှိခြင်းနှင့် Consultant ငှားရမ်းခြင်းလုပ်ငန်းများအတွက် ဝန်ဆောင်ခများ ပေးချေခြင်းနှင့် လုပ်ငန်း၏စာချုပ်အရ ကျန်ငွေများအား ပေးချေရာတွင်ခွင့်ပြုမိန့် တောင်းခံဆဲဖြစ်၍ မပေးချေရခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၂) ရခိုင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့တွင် အိန္ဒိယနိုင်ငံမှရရှိမည့် ပြည်ပအကူအညီရငွေသည် ဒုတိယ (၃)လပတ်အတွင်း မရရှိသေးခြင်းကြောင့် လျော့နည်းခြင်း။

(ဂ) ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု

(၁) ရခိုင်ပြည်နယ်။ ငွေလုံးငွေရင်းသုံးငွေတွင် လျာထားချက်ထက်ပိုမိုရရှိခြင်းမှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ဆောက်လုပ်ရေး လုပ်ငန်းအချို့၊ စက်ကိရိယာတန်ဆာပလာများ ဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း လုပ်ငန်းများအတွက် ငွေပေးချေခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူခဲ့ခြင်းနှင့် အခြားအသုံးစရိတ်များ ပိုမိုသုံးစွဲခြင်း။

(ဃ) <u>ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု</u>

(၁) <u>ကချင်ပြည်နယ်။</u> ပြည်နယ်အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးနှစ်အတွင်း မပြီးပြတ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် AC ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ပြည်နယ်လွှတ်တော်ရုံး ညှော်ရိပ်သာဝန်းအတွင်းရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိနေအိမ်ပတ်လည်မြေနေရာအား မြေဖို့ခြင်း၊ ရေမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများ မပြီးစီးသည့်အတွက် ငွေထုတ်ပေးမှုမရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်သော်လည်း ရန်ပုံငွေများထုတ်ယူသုံးစွဲမှုမရှိခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လုပ်ငန်းများပြီးပြတ်မှု မရှိသေးသည့်အတွက် ငွေထုတ်ရန်ကျန်ရှိနေခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် လုပ်ငန်းများအတွက် တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ၏ အတည်ပြုချက်စောင့်ဆိုင်းခြင်းကြောင့် လျော့နည်းရခြင်း ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှငွေလာရောက် ထုတ်ယူသည့် ပမာဏနည်းပါးခြင်း၊ အချို့လုပ်ငန်းများအတွက် ရုံးချုပ်သို့ ခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ခြင်း၊ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများဝယ်ယူနိုင်မှု မရှိသေးခြင်းကြောင့် လျော့နည်းခြင်း။

(၂) <u>စစ်ကိုင်းတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် တင်ဒါခေါ်ယူမှုနောက်ကျခြင်း၊ တင်ဒါခေါ်ယူထားဆဲဖြစ်ခြင်း၊ လုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်သောကြောင့် ငွေထုတ်ယူမှုများမရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တင်ဒါတင်သွင်းသူမရှိပါ၍ ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ထားဆဲဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ တတိယ (၃) လပတ်မှ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ်သောကြောင့် လျော့နည်းခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ကုမ္ပဏီများငွေထုတ်ယူမှုမရှိသေးခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် Third Party စစ်ဆေးခများပေးချေရန်နှင့် အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် အသုံးစရိတ်များပေးချေရန် ကျန်သောကြောင့် လျော့နည်းခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင်လုပ်ငန်းဆောင်ရွက်ဆဲဖြစ်သဖြင့် ငွေထုတ်ယူမှုနည်းပါးခြင်း။

(၃) <u>ပဲခူးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်း

များမှာ လုပ်ငန်း၏သတ်မှတ်ရာခိုင်နှုန်းမပြီးသဖြင့် ငွေထုတ်ယူမှုမရှိသေးခြင်းနှင့် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်း အလိုက်သာအရစ်ကျငွေပေးချေရခြင်း ၊ အချို့တင်ဒါ လုပ်ငန်းများ ပြီးပြတ်မှုမရှိသဖြင့် ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများအား ငွေထုတ်ယူခွင့်တင်ပြထားဆဲဖြစ်ခြင်း၊ တင်ဒါဈေးနှုန်း ကွာခြားခြင်း၊ ငွေထုတ်ယူနိုင်မှုမရှိသေးခြင်း၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ ပစ္စည်းများပေးသွင်းပြီးသော်လည်း ငွေတောင်းခံမှုမပြုသေးခြင်း၊ ရုံးသုံးစက်ကိရိယာ နှင့် အခြားရုံးသုံးပရိဘောဂပစ္စည်းများ လျာထားချက်ရှိသော်လည်း ဝယ်ယူနိုင်မှု မရှိသေးခြင်း။

(၄) <u>မကွေးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်းများ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် တည် ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ စိစစ်ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရန်ဆောင်ရွက်ဆဲ ဖြစ်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးနှင့်ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီသို့ တင်ပြထားဆဲဖြစ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးသည့်ရာခိုင်နှုန်းအတိုင်း ကုမ္ပဏီများအား ငွေပေးချေရခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် အုတ်တံတိုင်းကာရံခြင်း လုပ်ငန်းအားတင်ဒါကိစ္စများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အဆောက်အဦ(၂)လုံးအတွက် (၂၅) ရာခိုင်နှုန်းသာ ပေးချေရခြင်း၊ မျိုးစေ့ပွံ့ပိုးခြင်း၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ GAP နှင့် ဓါတ်မြေသြဇာ ပွံ့ပိုးခြင်းလုပ်ငန်းများ ပထမ(၃)လပတ်တွင် သုံးစွဲခဲ့ခြင်း၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအား ပြီးစီးသည့်ရာခိုင်နှုန်းအလိုက် ပေးချေရခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်ကိရိယာဝယ်ယူခြင်းအတွက် သက်ဆိုင်ရာကော်မတီသို့ တင်ပြထားဆဲဖြစ်ခြင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန Greening Complex Zone အတွင်းမြေအောက်ရေ အဝီစိတွင်းတူး ဖော်ခြင်း၊ ဂါလံ (၁၀၀၀၀) ဆန့်အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်များမှာ တင်ဒါခေါ်ယူတင်ပြထားဆဲဖြစ်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတွင် သရက်ခရိုင်ရုံးဆောက်လုပ်ခြင်းမှာ လျာထားချက် အတိုင်း လုပ်ငန်းပြီးစီးမှုမရှိခြင်း၊ အရည်အသွေးတိုင်းတာရေးပစ္စည်းများ မရောက်ရှိ သေးခြင်း၊ရုံးသုံးစက်ကိရိယာ (၁၇) မျိုးဝယ်ယူရန်လျာထားသော်လည်း (၆) မျိုးမှာ ပထမ (၃) လပတ်တွင်ဝယ်ယူခဲ့ခြင်းကြောင့် လျော့နည်းရခြင်း ၊ လျှပ်စစ်ဓါတ်အား

ဖြန့်ဖြူးရေးလုပ်ငန်းသည် တင်ဒါအောင်မြင်သော အချို့ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်နေသော်လည်း ငွေတောင်းခံလာမှုမရှိသေးခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင်တည်ဆောက်ရေးလုပ်ငန်း (၄)ခုအနက်သတ်မှတ်ရာခိုင်နှုန်း ပြည့်မီသည့် လုပ်ငန်း(၂)ခုအတွက်သာ တန်ဖိုးငွေပေးချေခဲ့ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းမပြီးစီးသေး၍ အရည်အသွေးစစ်ဆေးရေးကော်မတီစရိတ်များ မသုံးစွဲရသေးခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကျေးလက်လမ်း၊ တံတားများအား မူလလျာထားသည့် လုပ်ငန်းများအစားမြေပြင် အခြေအနေနှင့်ဒီဇိုင်းပြောင်းလဲခြင်းကြောင့် လုပ်ငန်းပြောင်းလဲဆောင်ရွက်ရန် တင်ပြထားသော်လည်း ခွင့်ပြုမိန့်မရရှိသေးခြင်း၊ မြေနီ / ကျောက်စရစ်ဈေးနှုန်းခွင့်ပြုမိန့် တောင်းခံထားဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(၅) <u>မန္တလေးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်အချို့လုပ်ငန်းများ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စက်ကိရိယာများဝယ်ယူရန် လျာထားခဲ့သော်လည်း ခွင့်ပြုချက်မရရှိခြင်း၊ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများတွင် လုပ်ငန်းပြီးစီးမှု ၂၅% မရှိသည့်အတွက် ငွေတောင်းခံမှုမပြုသေးခြင်း၊ တောင်ခြေမြေလျှောင်စခန်း၌ ရေတွင်းတူးခြင်းအစား ရေသွယ်တန်းခြင်း လုပ်ငန်းသို့ပြောင်းလဲတင်ပြထားရာ ဆောင်ရွက်နိုင်မှုမရှိသေးခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး စီမံကိန်းအတွက် တင်ဒါလုပ်ငန်းများ ငွေပေးချေ၍ မရသေးခြင်း၊ မီးသတ်ဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုမရှိသေးခြင်း မီးသတ်ယာဉ်များသတ်မှတ်ရက်တွင်မရောက်ရှိသေးခြင်းအတွက် ငွေပေးချေမှုမရှိသေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ဒါ အောင်မြင်ပြီး ဖြစ်သော်လည်းငွေထုတ်ပေးရမည့် ရာခိုင်နှုန်းမပြည့်မီခြင်းနှင့် ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများဝယ်ယူသုံးစွဲမှုမရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (ရုံးချုပ်)အား သုံးစွဲခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံးမှ ထုတ်လုပ်သူဈေးဆနှုန်းကိန်း စစ်တမ်းကောက်ယူသည့် အသုံးစရိတ်တွင် ဒီဇင်ဘာလအတွက်သွားရောက် ကောက်ယူစရိတ်ကျန်ရှိနေပါသဖြင့် လျော့နည်းခြင်း၊ စည်ပင်သာယာရေးကော်မတီတွင် တန်ဖိုးမျှအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးမှသာကုမ္ပဏီမှ ငွေတောင်းခံနိုင်မည်ဖြစ်သည့်အတွက် လျော့နည်းခြင်း ၊ e-government အခြေခံလုပ်ငန်းများ ဆောင်ရွက်ဆဲ

ဖြစ်ခြင်းနှင့် ရုံးသုံးပရိဘောဂများဝယ်ယူနိုင်မှု မရှိသေးခြင်း၊ အမှိုက်သိမ်းကန်များ ဝယ်ယူရာတွင် တင်ဒါခေါ်ယူစာချုပ်ချုပ်ဆိုပြီး ငွေပေးချေမှုမရှိခြင်း။

**ကြွေးမြီရငွေ၊သုံးငွေ**

၃။ တိုင်းဒေသကြီး / ပြည်နယ်များ၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ (၃) လပတ် လျာထားချက် ကျပ် ၄၂,၅၀၈.၃၄၅ သန်း ဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉,၀၅၉.၀၉၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၄.၈၄ ဖြစ်ပါသည်။ ကြွေးမြီရငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(က) <u>ကြွေးမြီရငွေပိုမိုရရှိမှု</u>

(၁) <u>ဧရာဝတီတိုင်းဒေသကြီး။</u> စည်ပင်သာယာရေးအဖွဲ့၏ မြို့နယ်အသီးသီးမှ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်တွင် စုဆောင်းထားရှိသည့် စုဆောင်းငွေများမှ အတိုးရငွေများလျာထားသည်ထက်ပိုမိုရရှိခြင်း။

(ခ)<u>ကြွေးမြီရငွေလျော့နည်းရရှိမှု</u>

(၁) <u>မန္တလေးတိုင်းဒေသကြီး။</u> စည်ပင်သာယာရေးကော်မတီမှ ရတနာပုံဘဏ်တွင် ထည့်ဝင်ထားသော မတည်ရင်းနှီးငွေအပေါ်ရရှိမည့် အမြတ်ငွေအား မြန်မာ့နိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုချက်မရရှိသေးပါသဖြင့် လျော့နည်းရရှိခြင်း။

(၂) <u>မွန်ပြည်နယ်။</u> ကြွေးမြီရငွေလျာထားချက်ရှိသော်လည်း လျော့နည်းရရှိခြင်းမှာ စည်ပင်သာယာရေးအဖွဲ့မှ ADB ၏တင်ဒါခေါ်ယူရေးလုပ်ထုံးလုပ်နည်းများနှင့် အညီအကြံပေးအဖွဲ့မှ တင်ဒါခေါ်ယူရန်ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းစတင်ဆောင်ရွက်နိုင်မှုမရှိသေးခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၃) <u>ရန်ကုန်တိုင်းဒေသကြီး။</u> ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်း၊ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း (မစို)နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုစီမံကိန်းတို့အတွက် အသေးစိတ်ဒီဇိုင်းများရေးဆွဲခြင်းနှင့် နိုင်ငံတကာကန်ထရိုက်များကို တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲကာလဖြစ်ပါ၍ လျာထားချက်အောက်လျော့နည်းရရှိခြင်း။

၄။ တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃) လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၈၅.၉၀ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၁၃.၁၈ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၄.၈၄ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၈၂.၃၀ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာရရှိခဲ့ပြီး၊

ငွေလုံးငွေရင်းရငွေတွင် လျာထားချက်နှင့်ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း၊ ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန် လိုအပ် ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၆.၁၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၇၈.၈၆ ရာခိုင်နှုန်း၊ စုစုပေါင်းအသုံးစရိတ် ၈၃.၇၈ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာဆောင်ရွက်နိုင်သဖြင့် သာမန်အသုံး စရိတ် အကောင်အထည်ဖော်နိုင်မှု ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် အများစုမှာတင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ သက်ဆိုင်ရာကော်မတီများမှ ခွင့်ပြုမိန့်များစောင့်ဆိုင်းနေခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ငွေထုတ်ယူမှုမရှိသေး သဖြင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒုတိယ (၃) လပတ် ကာလပြီးမြောက်ပြီး ဖြစ်သည့်အတွက် တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ပြီးစီးသင့်ပါ ကြောင်းနှင့် အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။